Government of **Western Australia**
**North Metropolitan Health Service**

BreastScreen WA
WA's only accredited screening service

# နောက်ထပ်စစ်ဆေးမှုများဆိုသည်မှာ မည်သည်ကို ဆိုလိုသနည်း၊

**သင့်ကို နောက်ထပ်ရင်သားဓာတ်မှန်များရိုက်ရန် ခေါ်ခဲ့ပြီ။ နောက်ထပ် စစ်ဆေးခံရန် အခေါ်ခံရသည့် အမျိုးသမီးများ ထဲတွင် အများစုမှာ (ရင်သားကင်ဆာမရှိ ကြောင်း) ပုံမှန် အားဖြင့် ရရှိကြပါသည်။**

## ကျွန်မက အဘယ်ကြောင့် ထပ်အခေါ်ခံရ ပါသနည်း?

ရင်သားဓာတ်မှန်များထပ်ရိုက်ရန်ခေါ်ခြင်းက မဆန်း လှပါ။ ပြန်ခေါ်ခြင်းအကြောင်းရင်းများထဲတွင် အောက်ပါတို့ပါဝင်ပါသည် -

### သိပ်သည်းမှု

မင်မိုဂရမ်ဆိုသည်မှာ သင့်ရင်သား၏တစ်ရှူးများကို ဓာတ်မှန်ရိုက်ခြင်းဖြစ်ပါသည်။ ရင်သားတစ်ရှူးပြန့်နှံ့ပုံ မတူညီကြလျှင်၊ ပုံမှန်မဟုတ်သည့်အကြောင်း ဓာတ်မှန်တွင် တွေ့နိုင်ပါသည်။ ထပ်မံ၍ဓာတ်မှန်များ ရိုက်ခြင်းဖြင့်၊ သိပ်သည်းနေသည့်နေရာတစ်ခုက၊ ပုံမှန်အကြိတ်တစ်ရှူး ဖြစ်၊မဖြစ် သုံးသပ်နိုင်စေပါသည်။

### အရည်အိတ်

အပြင်အစွန်းများ ကြည်လင်သည့် လုံးနေသော သိပ်သည်းမှုမှာ များသောအားဖြင့် အရည်အိတ် သို့မဟုတ် ကင်ဆာမဟုတ်သော အစိုင်အခဲဖြစ်သည်။ အပြင်အစွန်းများကို ကောင်းစွာမတွေ့ရလျှင်၊ ထပ်မံစစ်ဆေးမှုများ လုပ်ရန် လိုအပ်နိုင်ပါသည်။

### ကျောက်တည်ခြင်း

ကယ်လဆီယမ်အမှုန်လေးများ (ကျောက်တည်ခြင်း) ကို အမျိုးသမီးအများစု၏ မင်မိုဂရမ်တွင် တွေ့ရပြီး၊ ယင်းကျောက်တည်ခြင်းများသည် ပုံမှန် ဖြစ်လေ့ဖြစ်ထ ရှိပါသည်။ သို့ရာတွင်၊ ပုံမှန်မဟုတ်ပဲ ကျောက် တည်သည့်အုပ်စုများသည် ကင်ဆာဖြစ်နေကြောင်းကို အစောဆုံး ရောဂါ လက္ခဏာပြခြင်း ဖြစ်ကောင်းဖြစ်နိုင်သည့်အတွက် ထပ်မံဆက် ပြီး စစ်ဆေးမှုများလုပ်ရန် လိုအပ်ပါသည်။

### အမာရွတ်တည်ခြင်း

ယခင်က ရင်သားတွင်ခွဲစိတ်ခဲ့မှုကြောင့် အမာရွတ် ရှိနေနိုင်ပါသည်။ အမာရွတ်တစ်ရှူးများကြောင့် ဓာတ်မှန်ပုံများကိုဖတ်ရန် ပိုခက်ခဲစေသဖြင့်၊ သင့်အနေနှင့် ထပ်မံ စစ်ဆေးမှုများလုပ်ရန် လိုအပ်ကောင်း လိုအပ်နိုင်ပါသည်။

### အရည်ပြားပေါ်တွင် ကပ်သောအမှတ်အသားများ

အမာရွတ်များ၊ မှဲ့ သို့မဟုတ် ရင်သားထဲတွင်ရောဂါ လက္ခဏာပြနေရ ၁များရှိခဲ့လျှင် ဓာတ်မှန်များကို ဓာတ်မှန်ဆိုင်ရာဆရာဝန် လေ့လာသည့်အခါ အထောက်အကူဖြစ်စေရန်အတွက်၊ ဓာတ်မှန်ပေါ်တွင်မြင်ရသည့် အရည်ပြားပေါ်တွင်ကပ်သော အမှတ်အသားများကို ကပ်ကောင်းကပ်ပါမည်။

## နောက်ထပ်ရိုက်သော ရင်သား ဓာတ်မှန်များ၏အဖြေကို ကျွန်ုပ် မည်သို့သိရှိမည်နည်း?

ဗရက်စခရင်းဒဗျူအေက သင့်မင်မိုဂရမ်မှရသော အဖြေများကို သင့်အား တယ်လီဖုန်းဖြင့် အကြောင်းကြားပါမည်။
မင်မိုဂရမ်တွင်ပေါ်သည့်ပုံအရ ဆက်ပြီး စစ်ဆေးမှုများလုပ်ရန် အကြံပြုနိုင်ပါသည်။ သင့်ကို မည်သည့်အတွက်ကြောင့် ပြန်ပြီးခေါ်ကြောင်းကို သင်နားလည်ရန်အတွက်၊ သင်မေးလိုသည့်မေးခွန်းများကို တတ်နိုင်သမျှမေးမြန်းပါ။

သင့်အနေနှင့် နောက်ထပ်စစ်ဆေးမှုများ လုပ်ရန် လိုအပ်ပါက၊ ရင်သားအပေါ် ထပ်မံစစ်ဆေးမှုများအတွက် ဗရက်စခရင်း ဒဗျူအေ၊ ရင်သားစစ်ဆေးမှုဌာနတွင် ရက်ချိန်းပေးပါလိမ့်မည်။ ယင်းဝန်ဆောင်မှုမှာအခမဲ့ဖြစ်ပြီး ကျေးရွာနယ်ဒေသနေ အမျိုးသမီးများအနေနှင့် လူနာခရီးသွားအထောက်အကူ အစီအစဉ် (Patient Assisted Travel Scheme - PATS) မှကူညီပံ့ပိုးမှု ရရှိနိုင်ပါသည်။ အချက်အလက်များ ပိုမိုသိရှိရန်၊ သင့်မိသားစုဆရာဝန်ကို သွားတွေ့ပါ။

### ယခင်ကရိုက်ထားသည့်ပုံများ

ယခင် မင်မိုဂရမ်ရိုက်စဉ်က ပုံများနှင့် သင့်အားအာထရာဆောင်းစစ်ဆေးမှုမှ ပေးထားသည်များ အားလုံးကို သိမ်းထားပါ။ ဓာတ်မှန်ဆရာဝန်က သင့်လက်ရှိမင်မိုဂရမ်တွင် မသင်္ကာဖြစ်စရာ တွေ့လျှင်၊ ယခင်ကပုံများကို ကြည့်ခြင်းဖြင့်၊ ကာလရှည်ကြာရှိခဲ့သည့် ပြဿနာမဟုတ်သော အခြေအနေကို တွေ့ရှိရန် များစွာအထောက်အကူ ဖြစ်စေပါသည်။

## မည်သို့သော နောက်ထပ်စစ်ဆေးမှုများ လိုအပ်နိုင်သနည်း?

မင်မိုဂရမ်မှတွေ့ရှိသည့် အပြောင်းအလဲအများဆုံးမှာ ရင်သားကိုလက်ဖြင့်စမ်းကြည့်ရုံနှင့် သိရန်ခက်ခဲသဖြင့်၊ အထူးစစ်ဆေးမှုများလုပ်ရန် လိုအပ်ပါသည်။

### နောက်ထပ်ရောဂါရှာဖွေသည့် မင်မိုဂရမ်ကြည့်ရှုမှု

ယင်းသည် ဆေးခန်းမှ စိတ်ဝင်စားသည့် ရင်သားနေရာကို ဦးတည်ပြီး၊ နောက်ထပ် မင်မိုဂရမ်ရိုက်မှုများ ပါဝင်ပါသည်။

### ရင်သားပုံကိုဖန်တီးကြည့်ရှုခြင်း /သုံးဘက်မြင် ရုပ်လုံးကြွ မင်မိုဂရမ်ကြည့်ရှုခြင်း

သုံးဖက်မြင်ရုပ်လုံးကြွမင်မိုဂရမ် ကြည့်ရှုခြင်း (3D) (ဒီဂျစ်တယ်ရင်သားပုံ ဖန်တီးကြည့်ရှုခြင်းဟုလည်းခေါ်သည်) က အထူးကွန်ပြူတာဆော့ဖ်ဝဲကို သုံး၍ မင်မိုဂရမ်များမှ အဖက်ဖက်က ရိုက်ထားသည့် ရင်သားဓာတ်မှန်များဖြင့် ပုံဖော်ပါသည်။ ပုံမှန် မင်မိုဂရမ်က နှစ်ဖက်မြင် (2D) အနေနှင့်ရင်သားပုံကို ဖန်တီးပါသည်။

### ဆေးခန်းအတွင်းရင်သားစမ်းသပ်မှု

သင့်ဓာတ်မှန်ပုံများကို ဓာတ်မှန်ဆရာဝန်ကစစ်ဆေး ကြည့်ရှုပြီး၊ ဆေးခန်းအတွင်း ရင်သားကိုလက်ဖြင့် စမ်းသပ်ရန် လိုအပ်သည် ဆိုပါစို့၊ အမျိုးသမီးရင်သား ဆရာဝန်တစ်ဦးက သင်၏ရင်သားများကို နှံ့စပ်သေချာစွာ စမ်းသပ်ပြီးနောက် သင့်ကျန်းမာရေး နောက်ကြောင်းရာဇဝင်ကို ဆွေးနွေးပါလိမ့်မည်။

### ရင်သားကို အာထရာဆောင်းရိုက်ခြင်း

ယင်းမှာ ရင်သားတစ်ရှူးကို အသေးစိတ် ပိုမို တွေ့ရှိရန်အတွက် အသံလှိုင်းများ (ဓာတ်ရောင်ခြည်မဟုတ်) ကိုသုံးပြီး စစ်ဆေးခြင်းဖြစ်ပါသည်။ ရင်သားအပေါ် အဆီပျစ် သုတ်ပြီး၊ အရည်ပြား အပေါ် စစ်သည့် အစမ်းတံတစ်ခုဖြင့် ဖိကြည့်ပါသည်။

### ရုပ်ပုံညွှန်ပြမှုဖြင့် အသားစထုတ်ယူခြင်း

ရင်သားအသားစထုတ်ယူခြင်းဆိုသည်မှာ၊ ဆေးခန်းမှ စမ်းသပ်လိုသည့် ရင်သားနေရာအတွင်းသို့၊ အပ်တစ်ခုကို ထိုးသွင်းပြီး၊ တစ်ရှူးကိုစစ်ဆေးရန် နမူနာအဖြစ် ထုတ်ယူပြီးနောက်၊ အနုကြည့် ကရိယာအောက်တွင် စစ်ဆေးသုံးသပ်ရန် ဖြစ်ပါသည်။

ယင်းသို့လုပ်ကိုင်မည့်ဓာတ်မှန်ဆရာဝန်က၊ လိုအပ်သည့်နေရာ တိတိကျကျမှ တစ်ရှူးနမူနာ ရကြောင်းသေချာစေရန်အတွက် အာထရာဆောင်း သို့မဟုတ် ဓာတ်မှန်တို့ကို လမ်းပြပေးရန် အသုံးပြုပါသည်။ ထုံဆေးကို အသုံးပြုပါလိမ့်မည်။ ထုတ်လာသည့်တစ်ရှူးစကို ရောဂါဗေဒ ပညာရှင်က စစ်ဆေးကြည့်ရှုပြီး၊ ယင်းအဖြေများကို ပုံမှန်အားဖြင့်24 နာရီကြာပြီးနောက် ရရှိလေ့ရှိပါသည်။

### မှတ်သားညှပ်ကလစ်

ဓာတ်မှန်လမ်းညွှန်မှုဖြင့် အသားစထုတ်ပြီးနောက်၊ တစ်ခါတစ်ရံ အသားစထုတ်သည့်နေရာ ဘေးတွင် အလွန်သေးငယ်သော သတ္တုညှပ်ကလစ်ဖြင့် မှတ်သားထားရန် လိုအပ်နိုင်ပါသည်။

## ဤသို့စစ်ဆေးမှုများက ကင်ဆာအားလုံးကို တွေ့မိ နိုင်ပါသလား?

ရင်သားကင်ဆာအများဆုံးကို စမ်းသပ်တွေ့ရှိလိမ့်မည်ဖြစ်သော်လည်း၊ ကင်ဆာအားလုံးကို မည်သည့်စစ်ဆေးမှုကမှ တွေ့လိမ့်မည်ဟု အာမမခံနိုင်ပါ။ အမျိုးသမီးများအားလုံးအနေဖြင့် အကြံပြုချက်များရှိခဲ့လျှင်၊ လိုက်နာကြရန် အရေးကြီးပါသည်။

## စမ်းသပ်စစ်ဆေးမှု (Assessment) ရက်ချိန်းသွားသည့်နေရာ၌

ကျွမ်းကျင်မှုမျိုးစုံရှိ အထူးကုဌာနများတွင် ဓာတ်မှန် ဆရာဝန်များ၊ ရောဂါဗေဒအထူးကုများ၊ သူနာပြုများ၊ ဓာတ်မှန်ရိုက်သူများ၊ ရင်သားအထူးကု သမားတော်ကြီးများ နှင့် ခွဲစိတ်ဆရာဝန်ကြီးများ ပါဝင်သည့် ကျွန်ုပ်တို့အဖွဲ့က မိမိတို့၏ကျွမ်းကျင်မှုအရ သင့်ကို ကြည့်ရှုပါမည်။

ရက်ချိန်းများအားလုံးကို နံနက်ပိုင်းတွင်စီစဉ်ပါသည်။ သင့်အတွက်အပြည့်အစုံစမ်းသပ်စစ်ဆေးမှုအတွက် **8 နာရီအထိ အချိန်ပေးရန်** လိုအပ်နိုင်ပါသည်။ သင့် အလုပ်ရှင်အတွက် ဆေးခွင့်စာရွက်လိုအပ်လျှင်၊ ကျေးဇူးပြု၍ ဆေးခန်းရှိဝန်ထမ်းကို အသိပေးပါ။

ကားရပ်နားရန်နေရာအတွက် ငွေယူလာပါ။ တခြားနည်းအားဖြင့် Transperth ကို ဖုန်းနံပါတ် 13 62 13 တွင်ခေါ်ပြီး အများပြည်သူစီးယာဉ် ခရီးစဉ်အကြောင်း မေးပါ။

## မိသားစုဆရာဝန်ထံ အဖြေများ ပို့ခြင်း

သင်ကမိသားစုဆရာဝန်တစ်ဦးကို ရွေးချယ်ပေးထားလျှင် (ကျွန်ုပ်တို့ကလည်း ထိုသို့လုပ်ရန် တိုက်တွန်းပါသည်)၊ ဗရက်စခရင်း ဒဗျူအေက နောက်ထပ်စမ်းသပ်မှုများ ရက်ချိန်းအကြောင်းကိုသတင်းပို့ပေးပါမည်။ သင့်ဆရာဝန်ကို စမ်းသပ်စိစစ်မှုမှ အဖြေများကိုလည်း ပို့ပေးပါမည်။

## BreastScreen WA ဗရက်စခရင်းဒဗျူအေ


တယ်လီဖုန်း - (08) 9323 6700 ဖက်စ် - (08) 9323 6799

အီးမေးလ် - breastscreenwa@health.wa.gov.au


ဘာသာပြန်နှင့် စကားပြန်ဝန်ဆောင်မှု (TIS) 13 14 50

## ဗရက်စခရင်းဒဗျူအေ စမ်းသပ်စစ်ဆေးမှုဌာနများ

**Royal Perth Hospital (RPH) Breast Assessment Clinic**

Level 3, North Block. Wellington Street, Perth, 6000




**Sir Charles Gairdner Hospital**

G Block, 1st floor, Hospital Avenue, Nedlands.



## **Bunbury** South West Health Campus
Corner of Bussell Highway and Robertson Drive




## Fiona Stanley Hospital
**Level 1 Main Hospital, 102-118 Murdoch Drive, Murdoch Tel: (08) 6152 4125**




## Joondalup 57 Joondalup Drive, Joondalup




BreastScreen AUSTRALIA
A joint Australian, State and Territory Government Program

BEAT BREAST CANCER HAVE A FREE X-RAY RING: 13 20 50

LIKE US ON facebook

**www.breastscreen.health.wa.gov.au**

DEC 2022